# အဘယ်ကြောင့်ကျွန်ုပ်တို့ သည်တပိုးမှုတ်ပွဲတော်ရဲ့ သကာနေ့ပွဲ ကိုစောင့်ရှောက်ရပါသလဲ

Why We should keep the Feast of Trumpets

*အာရှတွင်ရှိသောဘုရားသခင်၏အသင်းတော်*

# အဘယ်ကြောင့်ကျွန်တော်တို့သည်
# တပိုးမှုတ်ပွဲတော်ရဲ့သကနေပွဲကိုစောင့်ရှောက်ရပါသလဲ

Byဆရာကြီး Leon Sexton

ဘုရားသခင်သည်ဣသရေလလူမျိုးများကိုထိုနေ့တွင်ဦးချိုနှင့်မှုတ်ပြီးပွဲတော်ကျင်းပဖို့ပညတ်ထားခဲ့ပါသည်။ သူတို့သည်အပြစ်ဖြေရာနေ့အတွက်ပြင်ဆင်ရမည်မှာဦးချိုဖြင့်မှုတ်ကာဆယ်ရက်တိုင်တိုင်နောင်တရပြီးမသန့်ရှင်းသောအရားများကိုမပြုလုပ်ဘဲစစ်မှန်သောသန့်ရှင်းသောဝိညာဉ်တော်ဝင်ရောက်ဖို့ပင်ဖြစ်ပါသည်။

<u>**ဝတ်ပြုရာကျမ်း ၂၃း၂၃–၂၅**</u> ကိုဖတ်ရှုရန်။

ကျမ်းစာပြက္ခဒိန်အရ ခုနှစ်လမြောက်ရဲ့ပထမရက်ဖြစ်ပြီး ရောမပြက္ခဒိန်အရအမြဲတမ်းလိုလို စက်တင်ဘာလတွင်ကျရောက်လျက်ရှိပါသည်။ ဂျူးတွေရဲ့ယုံကြည်ချက်အရဘုရားသခင်သည်အာဒံကိုတပိုးမှုတ်ပွဲတော်အချိန်တွင်ဖန်ဆင်းထားခြင်းဖြစ်ပါသည်။

ဘုရားသခင်မန့်တော်မူသည်မှာတပိုးမှုတ်ပွဲတော်နေ့မတိုင်ခင်အတူတကွလာရောက်ပြီး ဘုရားသခင်ရဲ့ ဘုန်းတခိုးကြီးမြတ်လှသည့်အကြောင်း၊ ကယ်တင်ခြင်းအကြောင်းနှင့်ဖန်ဆင်းထားသည့်အရာများကိုလေ့လာဖို့ဖြစ်ပါသည်။ဂျူးလူမျိုးများယခုထက်ထိစောင့်ထိန်းလျက်ရှိပါသည်။ ယခုခရစ်ယာန်များလည်းပွဲတော်အကြောင်းကိုပိုပိုနားလည်လာအောင်လေ့လာကြပါသည်။

တပိုးမှုတ်ပွဲတော်ရဲ့အရေးကြီးလှသည့်အချက်မှာနှစ်တိုင်းနှစ်တိုင်းသတိပေးထားသည်မှာထာဝရဘုရားသည်ပေးဆပ်ရွေးနှုတ်ထားကြောင်းနှင့်ခရစ်တော်သည်မိုးတိမ်နှင့်ကြွလာသည့်အခါကောင်းကင်တမန်များသည်ပြင်းထန်သောဦးချိုမှုတ်သံဖြင့်ကြွလာမည်ဖြစ်ပါသည်။

<u>**သက်သာလောနိတ်ပဌမစောင် ၄း ၁၅–၁၆**</u> ကိုဖတ်ရှုရန်။

**ကောရိန္သု ပဌမစောင် ၁၅:၅၁–၅၃** ကိုဖတ်ရှုရန်။

တပိုးမှုတ်ပွဲတော်ကိုပုံဆောင်ထားသည်မှာခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်တွင်သန့်ရှင်းသူများကိုပြန်လည်ထမြောက်စေပြီးထာဝရအသက်ရရှိခြင်းဖြစ်ပါသည်။

**ကောရိန္သု ပဌမစောင် ၁၅:၁၈** ကိုဖတ်ရှုရန်။

နောက်ထပ်တပိုးမှုတ်ပွဲတော်ကိုပုံဆောင်ထားသည်မှာသူ့လူများအားလုံးကိုပြန်လည်စုရုံးပြီး ယေရုလင်မြို့ထဲသို့ ပြန်လည်ပို့မည်ဖြစ်ပါသည်။ ထို့နောက်သခင်ယေရှုသည်ကျန်ကြွင်းသောသူ့လူများနှင့် ရှင်ဘုရင်Davidဏ်ရာဇပလင်ကိုပြန်လည်တည်မည်ဖြစ်ပါသည်။

**တမန်တော် ၁၅:၁၆**ကိုဖတ်ရှုရန်။

**ဟေရှာယ ၁၁:၁၁–၁၂** ကိုဖတ်ရှုရန်။

ထိုအချိန်တွင်ခရစ်တော်၏လူများကိုသူကိုယ်တိုင်ရွေးထုတ်ပြီးလူစုနှစ်စုခွဲလိုက်ဖြစ်ပါသည်။ မှားယွင်းသောပရောဖက်များ၏ နောက်လိုက်များ ဘယ်သူမဆိုသည်ခရစ်တော်၏လူများတို့ကိုဝံပုလွေများကဲ့သို့အငမ်းမရဝါးမျိုဖို့အလွန်ဆာလောင်နေကြပါသည်။

**ယေဇကျေလ ၃၄:၂–၈** ကိုဖတ်ရှုရန်။

ဘယ်အချိန်တွင်ရှင်ပြန်ထမြောက်ခြင်းနှင့်ရွေးနှုတ်ခြင်းနေရာကိုရကြမည်နည်း။

နောက်ဆုံးပြင်းထန်သောတပိုးနှင့်တကွခရစ်တော်ကြွလာချိန်တွင်ဖြစ်ပါသည်။

**ဟေရှာယ ၂၇:၁၃** ကိုဖတ်ရှုရန်။

တပိုးမှုတ်ပွဲတော်သည်ရှင်ဘုရင်ကြွဆင်းလာမည်ကိုတပိုးမှုတ်ပြီးကြွေးကြော်မည်ဖြစ်ကြောင်းကိုဆက်စပ်ထားပြီးသူ့လူများအားလုံးကိုပြန်လည်စုရုံးပြီးယေရုလင်မြို့ထဲသို့ပြန်လည်ပို့ဆောင်မည့်အဖြစ်ကိုပုံဆောင်ပြီးဆက်ထားပါသည်။

Feast of Trumpets

Translated by Miss. Ah Jar Shan